www.burmeseclassic.com

# Michelle Lovric's collection of Women's Wicked Wit

# အနောက်တိုင်းမှ နှုတ်သီးကောင်းလျှာပါးတို့၏ အဆိုများ

အငြိမ်းစားသံအမတ်ကြီး

**ဦးသက်ထွန်း**

ကောက်နှုတ်ဘာသာပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


Women on Women 2
မိန်းမအချင်းချင်း

Women on Men 6
ယောကျ်ားတို့အပေါ်

The Sex War 16
လိင်စစ်ပွဲ

Love 22
အချစ်

Sex 28
လိင်ကိစ္စ

Marriage & Divorce 30
အိမ်ထောင်ကျ၊အိမ်ထောင်ကွဲ

Happy Families 40
အိမ်သာယာ

Who Needs Enemies? 44
ရန်သူမလို

Bimbos & Bluestockings 46
အောက်တန်းစားနှင့်အထက်တန်းစား

Brief Encounters 50
ဘဝတစ်ကွေ့ တွေ့ကြရာဝယ်

Hollywood & Beyond 54
ဟောလိဝုဒ်နဲ့အလွန်


www.burmeseclassic.com

www.burmeseclassic.com


Hisdemeanours & Missdemeanours 58
ကိုကဲလွန်းနဲ့မကဲလွန်းတို့

Bad Behaviour 62
အကျင့်ဆိုး

Conspicuous Consumption 66
ထည်ထည်ဝါဝါ

Food, Fat & Dieting 68
ဝလိုက်ပိန်လိုက်

Appearances 72
အပြင်ပန်း

Work,Power & Money 76
ရာထူး၊ အာဏာ၊ ဥစ္စာ

The Arts 84
အနုပညာ

Sport 86
အားကစား

Animals 88
တိရစ္ဆာန်

People & Places 90
တိုင်းပြည်နှင့်လူမျိုးများ

Having the Vapours 94
ရောဂါသည်

RIP 98
တမလွန်ဘဝ


www.burmeseclassic.com

www.burmeseclassic.com

# စီစဉ်သူ၏ အမှာစာ

ယခု စာရှုသူ၏လက်ထဲတွင် ရောက်ရှိနေသော [illegible] အနောက်တိုင်းမှ နှုတ်သီးကောင်း လျှာပါးတို့၏ အဆိုများ စာအုပ်မှာ ရန်အောင်စာပေတိုက်ထုတ် အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၏ စတုတ္ထမြောက်စာအုပ်ဖြစ်ပေသည်။ ရန်အောင်စာပေတိုက်ထုတ် အငြိမ်းစားသံမတ်ကြီး ဦးသက်ထွန်း၏ ပထမ စာအုပ်မှာ 'ကမ္ဘာ့ထဲကမြန်မာ' ဖြစ်ပြီး ဒုတိယနှင့် တတိယစာအုပ်များမှာ 'အနောက်တိုင်းဟာသ'နှင့် 'သူတို့အဆို သူတို့ဟာသ' စာအုပ်များ ဖြစ်ကြသည်။ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းသည် **'ကင်းဝန်ခြေရာလိုက်၍သာ'** [illegible] (အင်္ဂလိပ်–မြန်မာနှစ်ဘာသာစာအုပ်)ဖြင့် ၁၉၉၈ ခုနှစ်အတွက် (စာပဒေသာ)အမျိုးသားစာပေဆုရရှိသူဖြစ်ပြီး ယနေ့တိုင် မဂ္ဂဇင်းစာစောင်များတွင် ဆောင်းပါးများ ရေးသားပြုစုလျက်ရှိပါသည်။ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်း၏ ကင်းဝန်ခြေရာလိုက်၍သာ စာအုပ်နှင့် ပတ်သက်၍ အဆိုပါစာအုပ်ဆုမကြေညာမီကပင် ဝေဖန်ရေးဆရာတစ်ဦးက ဦးသက်ထွန်းသည် အင်္ဂလိပ်–မြန်မာနှစ်ဘာသာလုံးအရေးကောင်းသူဖြစ်ပြီး ခံ့ညားတဲ့ သံတမန်ဆန်ဆန် အရေးအသားထဲမှာ သိမ်မွေ့တဲ့ ဟာသလေးတွေပါနေပြီး ရေးသွားတဲ့အတွက် ရသမြောက်သုတစာပေတစ်ပုဒ်ဟူ၍ ဂျာနယ်တစ်စောင်၌ ဝေဖန်စာရေးသားဖော်ပြခဲ့ပါသည်။

ရန်အောင်စာပေတိုက်အနေဖြင့် အမျိုးသားစာပေဆုရှင် အငြိမ်းစားသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်း၏ ဘာသာပြန် အဆိုအမိန့်ဟာသများကို ယခုလို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာတွဲ၍ ထုတ်ဝေခြင်းဖြင့် အင်္ဂလိပ်စာအရေးအသား လေ့လာသူများအတွက်ရော ဟာသစာဖတ်ပရိသတ်အတွက်ပါ အကျိုးလည်းရှိ ဗဟုသုတလည်းရ အပျင်းလဲပြေစရာ ဖြစ်ပါလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

**လေးစားစွာဖြင့်**

**စီစဉ်သူ – တိုးထက်**

www.burmeseclassic.com

www.burmeseclassic.com

# Women on Women

## မိန်းမအချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



I hate Women. They get on my Nerves.

*Dorothy Parker*

ကျွန်မ မိန်းမတွေကို မုန်းတယ်။ စိတ်တိုစရာ တွေပဲ။

*

Women unless they are squaws, are as over-individual and untamable as cats.

*Margot Asquith*

အဖြူမတွေဟာ ကြောင်မတွေလိုပဲ တစ်ကိုယ်ကောင်း
ဆန်ပြီး၊ ထိန်းမနိုင် သိမ်းမနိုင်ပဲ။

*

To be somebody, a woman does not have to be more like a man, but has to become more of a woman.

*Sally E. Shaywitz*

ဘဝမှာ အောင်မြင်ချင်တဲ့ မိန်းမဟာ
ယောကျ်ားဆန်ဖို့ မလိုဘူး။ မိန်းမ ပိုဆန်ဖို့ လိုတယ်။

*

Why are women....so much more interesting to men than men are to women?

*Virginia Woolf*

မိန်းမတွေအတွက် ယောကျ်ားတွေ စိတ်ဝင်စားဖွယ်
ကောင်းတာထက် ယောကျ်ားတွေအတွက် မိန်းမတွေက
ပိုမိုစိတ်ဝင်စားဖွယ်ကောင်းတာ ဘာကြောင့်လဲ?

*

www.burmeseclassic.com

www.burmeseclassic.com



And I always went with the boys. Girlsseemed a foolish investment of my time.

*Mae West*

ကျွန်မတော့ ယောကျ်ားလေးတွေနဲ့ပဲ အပြင်ထွက်တယ်၊ မိန်းကလေးတွေနဲ့ သွားလို့ အကျိုးမရှိဘူး။

*

There are two categories of women. Those who are women and those who are men's wives.

*Charlotte Whitton*

မိန်းမ နှစ်မျိုးနှစ်စား ရှိတယ်။ တစ်မျိုးက မိန်းမ၊ နောက်တစ်မျိုးက ယောကျ်ားမယား။

*

Just as women's bodies are softer than men's, so their understanding is sharper.

*Chistine de Pisan*

မိန်းမဟာ အသားအရေ နူးညံ့သလို နားလည်မှုလည်း နက်ရှိုင်းတယ်။

*

From birth to age 18, a girl needs good parents. From 18 to 35, she needs good looks. From 35 to 55, she needs a good personality. From 55 on, she needs good cash.

*Sophie Tucker*

မိန်းကလေးဟာမွေးစကအသက်၁၈နှစ်ထိမိဘကောင်းလိုတယ်၊ ၁၈နှစ်က၃၅နှစ်ထိလှဖို့လိုတယ်၊ ၃၅က၅၅အထိဂုဏ်ကောင်းဖို့လိုတယ်၊ ၅၅နောက်ပိုင်းမှာပိုက်ဆံရှိဖို့လိုတယ်။

www.burmeseclassic.com

# Women on men

## ယောက်ျားတို့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



When a man gives his opinion he's a man. When a woman gives her opinion she's a bitch.

*Bette Davis*

ယောကျ်ားကဝေဖန်ရင်ယောကျ်ားတို့အမြင်လို့ဆိုတယ်၊ မိန်းမကဝေဖန်ရင် မနာလိုလို့ ပြောတာတဲ့။

*

Ask a man if you need help clearing the table. He'll plunk the plates on the first clear surface and leave. Women hang around being helpful and hiding things.

*Peg Bracken*

ယောကျ်ားတွေကို ထမင်းစားပွဲရှင်းဖို့ အကူအညီ တောင်းရင်၊ နေရာလွတ်မှာ ပန်းကန်တွေချပြီးလစ်သွား မှာပဲ။ မိန်းမတွေကသာ ဖုန်းဖုန်းဖိဖိနဲ့ ဆက်လုပ်မှာ။

*

There are so many kinds of awful men-
One can't avoid them all.

*Wendy Cope*

ရွံစရာ ယောကျ်ားမျိုးစုံရှိတယ်၊ တစ်မျိုးမတွေ့ နောက်တစ်မျိုး တွေ့မှာပဲ။

*

Men are luxuries, not necessities.

*Cher*

ယောကျ်ားတွေဟာ ဇိမ်ခံပစ္စည်းတွေပဲ၊ မရှိမဖြစ် မဟုတ်ဘူး။

*

www.burmeseclassic.com

www.burmeseclassic.com



Sometimes I think that if there was a third sex
men wouldn't get so much as a glance from me.

*Amanda Vail*

ကမ္ဘာပေါ်မှာ တတိယလိင်သာရှိရင် ကျွန်မတော့
ယောကျ်ားတွေကို လှည့်တောင်ကြည့်ဖြစ်မှာ
မဟုတ်ဘူးလို့ ထင်မိတယ်။

*

I believe in women. Men are just unsubstantiated
rumours.

*Erika Ritter*

ကျွန်မတော့အမျိုးသမီးတွေကိုပဲအယုံအကြည်ရှိတယ်၊
အမျိုးသားတွေကတော့ အထောက်အထားမရှိတဲ့
ကောလာဟလတွေပဲ။

*

I don't know how men are different from hogs. They
chase after the same things:food, drink and women.

*Emilia Pardo Bazan*

ယောကျ်ားနဲ့ ဝက်နဲ့ ဘာကွာလဲ? သူတို့လိုက်တာ
အစားရယ် အသောက်ရယ် မိန်းမရယ်ပဲ မဟုတ်လား။

*

Most single men don't even live like people. They
live like bears with furniture.

*Rita Rudner*

လူပျိုကြီးတွေဟာ လူလိုတောင်မနေတတ်ဘူး။ ဝက်ဝံ
တွေလို အိမ်ထောင်ပရိဘောဂကို ဖျက်ဆီးတတ်တယ်။

*

www.burmeseclassic.com

www.burmeseclassic.com



Women want mediocre men, and men are working hard to be as mediocre as possible.

*Margaret Mead*

အမျိုးသမီးတွေက ရွက်ကြမ်းရေကျိုအမျိုးသားတွေကိုပဲ အလိုရှိတယ်။ အမျိုးသားတွေကလည်း ရွက်ကြမ်းရေကျို ဖြစ်သထက်ဖြစ်အောင် ကြိုးစားနေကြတယ်။

*

Every man I meet is a locomotive chimney. Smoke-smoke--smoke--smoke...

*Fanny Fem*

ကျွန်မတွေ့တဲ့ ယောကျ်ားတိုင်းဟာ မီးရထားခေါင်းတွဲ လိုပဲ၊ မီးခိုးတလူလူနဲ့။

*

There are those who maintain that a man can do everything better than a woman can do it. This is certainly true of nagging. When a man nags, he shows his thoroughness, his continuity, and that love of sport which is special pride and attribute of his sex.

*Sarah Grand*

ယောကျ်ားတွေဟာ ဘာလုပ်လုပ် မိန်းမတွေထက် သာတယ်လို့ တချို့ကပြောတယ်။ မြည်တွန်တောက်တီး တဲ့နေရာမှာတော့ သာတာအမှန်ပဲ။ မြည်တွန်တောက်တီးပုံ သေချာဂနတာရော၊ အတောမသတ်တာရော ယောကျ်ား တွေရဲ့ ဓလေ့စရိုက်အရ စိတ်လိုက်မာန်ပါတာရော။

*

www.burmeseclassic.com

www.burmeseclassic.com



Men are perfectly good. The trouble is that they are only good for one thing at a time.

*Michelle Lovric*

ယောကျ်ားတွေဟာ တော်ကြပါတယ်၊ ဒါပေမဲ့ တစ်ကြိမ်မှာ တစ်ခု အတွက်ပဲ။

*

Men are really out to save their own hides, I swear. It's the women who are taking all the risks.

*Laura Chester*

ယောကျ်ားတွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်နေကြတာပဲ။ မိန်းမတွေကသာ စွန့်စားနေကြတာ။

*

Men think they're more important than women because their suit jackets have secret pockets on the inside.

*Rita Rudner*

ယောကျ်ားတွေက သူတို့ကုတ်အင်္ကျီအတွင်းဘက်မှာ လျှို့ဝှက်အိတ်တွေ ပါတာနဲ့ မိန်းမတွေထက်သာတယ် ထင်နေကြတယ်။

*

All men are children, and if you understand that, a woman understands everything.

*Coco Chanel*

ယောကျ်ားအားလုံးဟာ ကလေးတွေပဲ။ မိန်းမတွေ အဲဒါသိရင် အလုံးစုံ နားလည်မှာပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



Only a man can install routine.

*Enid Bagnold*

လုပ်ရိုးလုပ်စဉ်ကို ယောက်ျားကသာ ထွင်နိုင်တယ်။

*

If there is anything disagrreeable going on, men are sure to get out of it.

*Jane Austen*

ပြဿနာတစ်ခုခု တက်ပြီဆိုရင် ယောက်ျားတွေ လစ်သွားမှာ သေချာတယ်။

*

I fear nothing so much as a man who is witty all day long.

*Marie de Sevigne*

ကျွန်မတော့ တစ်နေ့လုံး အာဝဇ္ဇန်းရွှင်တဲ့ယောက်ျားကို အကြောက်ဆုံးပဲ။

*

Women speak because they wish to speak, where as a man speaks only when driven to speech by something outside himself -- like, for instance, he can't find any clean socks.

*Jean Kerr*

မိန်းမတွေဟာ စကားပြောချင်လို့ ပြောတယ်။ ယောက်ျားတွေကတော့ ပြင်ပကိစ္စတစ်ခုခုက တွန်းပေးမှပြောတယ်။ ဥပမာ - ခြေအိတ်သန့်သန့်ရှာမတွေ့ရင်။

*

www.burmeseclassic.com

www.burmeseclassic.com



Estimated from a wife's experience, the average man spends fully one-quarter of his life in looking for his shoes.

*Suzanne Wolstenholme*

ဇနီးသည်တစ်ဦးအနေနဲ့ ခန့်မှန်းရတာကတော့
ယောကျ်ားတွေဟာ သူတို့အချိန် ပျမ်းမျှလေးပုံ
တစ်ပုံကို သူတို့ဖိနပ်ကို လိုက်ရှာတာနဲ့ကုန်တယ်။

*

BURMESE CLASSIC .com

Men can read maps better than women. Cause only the male mind could conceive of one inch equaling a hundred miles.

*Roseanne Barr*

မြေပုံဖတ်တဲ့နေရာမှာ ယောကျ်ားတွေက မိန်းမတွေထက်
ပိုတော်တဲ့အကြောင်းက ယောကျ်ားစိတ်မှာသာ
တစ်လက်မဟာ မိုင်တစ်ရာနဲ့တူတယ်လို့ ထင်မှတ်နိုင်လို့။

*

Pleasure, to a man of an enquiring mind, means a toad inside a stone, or a beetle running with its head off.

*Anne Mathews*

မောင်စူးစမ်းတို့ စဉ်းစားလို့ ပျော်တာကတော့
ကျောက်တုံးထဲက ဖါးကောင်၊ ခေါင်းပြတ်ပြီး
ပြေးနေတဲ့ ပိတုန်းအကြောင်းပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



Man with his artificial things he keeps inventing; false birds which are our airplanes, false whales that are our submarines, and now a false end of the world that is the atom bomb.

*Genet*

ယောကျ်ားတွေဟာ အမြဲတမ်း အတုတွေထွင်နေတယ်။
ငှက်အတု လေယာဉ်ပျံ၊ ဝေလငါးအတု ရေငုပ်သင်္ဘော၊
အခု ကမ္ဘာပျက်အတု အနုမြူဗုံး။

*

Men are so ethical, they let us die for their principles.

*Lucy Ellmann*

ယောကျ်ားတွေဟာ အင်မတန် တရားတယ်၊ သူတို့
ယုံကြည်မှုတွေအတွက် မိန်းမတွေကို သေခိုင်းတယ်။

*

Men are beasts and even beasts don't behave as they do.

*Brigitte Bardot*

ယောကျ်ားတွေဟာ တိရစ္ဆာန်တွေပဲ၊ တိရစ္ဆာန်တွေတောင်
သူတို့လောက်မဆိုးဘူး။

*

Beneath the thick skin of the stronger sex lies an open wound called the Male Ego.

*Letty Cottin Pogrebin*

ယောကျ်ားတွေရဲ့ အရေထူအောက်မှာ ကိုယ့်ကိုကိုယ်
အထင်ကြီးတဲ့ အနာပဆုပ်ရှိတယ်။

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



Beware of men who cry. It's true that men who cry are sensitive and in touch with feelings, but the only feelings they tend to be sensitive and in touch with are their own.

*Nora Ephron*

ငိုတတ်တဲ့ယောကျ်ားကို သတိထားကြ။ ငိုတဲ့ယောကျ်ားဟာ စိတ်ထိခိုက်လွယ်တာ မှန်တယ်။ ဒါပေမဲ့ ထိခိုက်တာ သူ့စိတ်ပဲ ဖြစ်ဖို့များတယ်။

*

He was like a cock who thought the sun had risen to hear him crow.

*George Ellot*

ဒီလူ့ဂိုက်က သူတွန်ဖို့ နေထွက်ပေးရတယ်ထင်တဲ့ ကြက်လိုပဲ။

*

Men normally take most pleasure in spreading bad news, because it makes them feel important.

*Elsa Schiaparelli*

ယောကျ်ားတွေဟာ မကောင်းသတင်းဖြန့်ရတာ သိပ်ပျော်ပုံရတယ်၊ အရေးပါတဲ့လူ ဖြစ်သွားတယ် ထင်လို့။

*

Praise is better than wheatgerm for even the least vain of men.

*Phyllis McGinley*

မာနမရှိဆုံး ယောကျ်ားတောင် အမြှောက်ကြိုက်တယ်။

*

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



**The Sex War**

လိင်စစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



I sometimes think that what men really want is a sexually experienced virgin.

*Anonymous*

ယောက်ျားတွေ တကယ်လိုချင်တာကတော့
အတွေ့အကြုံရှိတဲ့ အပျိုစစ်စစ်ပဲ။

*

I don't think men and women are meant to live together. They are totally differentanimals.

*Diana Dors*

ယောက်ျားနဲ့မိန်းမဟာ တူတူနေဖို့ မဟုတ်ဘူး။ သူတို့
လုံးဝ သဘာဝချင်း မတူကြဘူး။

*

To write, or read, or think, or to inquire,
Would cloud our beauty and exhaust our time,
And interrupt the conquests of our prime,
Whilst the dull manage of a servile house
Is held by some our utmost art and use.

*Anne Finch, Countess of Winchester*

စာရေး၊ စာဖတ်၊ စုံစမ်းမှုတွေပြုရရင် ကျွန်မတို့ အလှ
တွေပျက် အချိန်တွေကုန်ရော့မယ်၊ ကျွန်မတို့ အရွယ်
ကောင်းတုံး အောင်မြင်မှုတွေကိုလည်း အနှောင့်အယှက်
ဖြစ်မယ်၊ အဲဒီ အသေးအဖွဲ့ အိမ်ထောင်တာဝန်တွေကို
ကျွန်မတို့စေထားတဲ့လူထံ လွှဲထားလိုက်ပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com



I have had my bellyfull of great men (forgive the expression). I quite like to read about them in the pages of Plutarch, where they don't outrage my humanity. Let us see them carved in marble or cast in bronze, and hear no more about them. In real life they are nasty creatures, persecutors, temperamental, despotic, bitter and suspicious.

*George Sand*

ကျွန်မတော့ ရှေးစာအုပ်ထဲမှာ ဖတ်ရတဲ့ ရှေးကမ္ဘာရဲ့ လူကြီးလူကျယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို စိတ်ကုန်ပြီ။ သူတို့ကို ကျောက်ရုပ်ကြေးရုပ် ထုထားပြီး အသံတိတ်စေတော့။ တကယ့်ဘဝမှာ သူတို့ဟာ လူတွေကို နှိပ်စက်တဲ့ ရွံစရာ လူကြီးတွေ၊ စိတ်တို အာဏာပြ လူမုန်း မသင်္ကာစိတ် အပြည့်အဝနဲ့။

*

In passing, also, I would like to say that the first time Adam had a chance he laid the blame on woman.

*Nancy Astor*

ကြုံတုန်း ပြောရအုန်းမယ်၊ အာဒမ်ဟာ အခွင့်ရရချင်း မိန်းမပေါ် အပြစ်ပုံချတယ်။

*

But remember, a man ends by hating the woman who he thinks has found him out.

*Jennie Jerome Churchill*

နောက်ဆုံးပိတ်မှာ ယောကျ်ားတွေဟာ သူတို့အကြောင်း သိသွားတယ် ထင်တဲ့ မိန်းမကို မုန်းတော့တာပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



What men say about women is generally wrong. What they think and don't say is far more correct.

*Diana Woods*

ယောကျ်ားတွေ မိန်းမအကြောင်းပြောတာ များသော အားဖြင့် မှားတယ်။ ယောကျ်ားတွေ စိတ်ထဲထားပြီး ထုတ်မပြောတာက အများကြီး ပိုမှန်တယ်။

*

A woman need know but one man well, in order to understand all men; whereas a man may know all women and understand not one of them.

*Helen Rowland*

ယောကျ်ားတစ်ယောက်ကို ကောင်းကောင်းသိတာနဲ့ မိန်းမဟာ ယောကျ်ားအားလုံးကို နားလည်နိုင်တယ်။ ယောကျ်ားကတော့ မိန်းမအားလုံးကို သိပေမဲ့ ဘယ်တစ်ယောက်ကိုမှ နားမလည်ဘူး။

*

Why is it that The Oxford Dictionary of Quotations bulges with quotations from men ... when women (as men are the first to point out) do all the talking?

*Peg Bracken*

ယောကျ်ားတွေ အရင်ဆုံး ထောက်ပြသလို တစ်ချိန်လုံး မိန်းမတွေက စကားပြောနေပြီး ဘာကြောင့် ဂန္ထဝင်ထဲ ယောကျ်ားတွေပြောတာက အပါများနေတာလဲ?

*

www.burmeseclassic.com

www.burmeseclassic.com



Lo, an intelligent opinion in the mouth of a woman horrifieth a man even as the scissors in the mouth of a baby.

*Helen Rowland*

မိန်းမတစ်ယောက်ရဲ့ပါးစပ်က လေးနက်တဲ့စကားထွက်လာရင်၊ ကလေးပါးစပ်ထဲက ကပ်ကြေးထွက်လာသလို ယောကျ်ားတွေလန့်သွားတယ်။

*

The only difference between men and women is that women are able to create new little human beings in their bodies doing eveything men do.

*Erica Jong*

ယောကျ်ားနဲ့မိန်းမ ခြားနားချက်က ယောကျ်ားတွေ လုပ်သမျှ မိန်းမတွေက လုပ်နိုင်တဲ့အပြင် ကလေးပါ မွေးပေးနိုင်တာပဲ။

*

No man can understand why a woman should prefer a good reputation to a good time.

*Helen Rowland*

မိန်းမတွေက တစ်ခဏတာ ပျော်ရွှင်မှုထက် အရှည်နာမည်ကောင်းဖို့ မြတ်နိုးတာကို ဘယ်ယောကျ်ားကမှ နားမလည်နိုင်ဘူး။

*

If youf catch a man throw him back.

*Women''s liberation slogan*

ယောကျ်ားတစ်ယောက်ဖမ်းမိရင် ပြန်ပစ်လိုက်။

*အမျိုးသမီးလွတ်မြောက်ရေးဟာစ်တိုင်*

www.burmeseclassic.com

www.burmeseclassic.com



I'm furious about the Women's Liberationists... proclaiming that women are brighter than men. That's true, but it should be kept very quiet or it ruins the whole racket.

*Anita Loos*

မိန်းမတွေဟာ ယောကျ်ားတွေထက် ပိုထက်တယ်လို့ အမျိုးသမီးလွတ်မြောက်ရေးဟစ်တိုင်က ကြွေးကြော်တာသိပ်မှားတယ်။ ဒီအဖြစ်မှန်ကို သိုသိပ်ထားဖို့ ကောင်းတယ်၊ နို့မို့ရင် ခုထက်ထိ လိမ်ထားတာတွေ အကုန်ပေါ်ကုန်မှာပေါ့။

*

Many men admire strong women, but they do not love them.

*Elsa Schiaparelli*

ယောကျ်ားအများအပြား မိန်းမလူစွမ်းကောင်းတွေကို လေးစားကြတယ်။ ဒါပေမဲ့ ကြိုက်တော့မကြိုက်ဘူး။

*

Most women set out to change a man, and when yhey have changed him they do not like him.

*Marlene Dietrich*

မိန်းမတွေဟာ သူတို့ယောကျ်ားတွေကို ပြောင်းစေချင်တယ်။ ပြောင်းပြီးတော့လည်း မကြိုက်ပြန်ဘူး။

*

Women should care a bit less sothat men care a bit more.

*A fictional character*

မိန်းမတွေက နဲနဲလျှော့ပူမှ ယောကျ်ားတွေက နဲနဲပိုပူမယ်။

www.burmeseclassic.com

www.burmeseclassic.com



# Love

# အချစ်



www.burmeseclassic.com

www.burmeseclassic.com



Once begun, a love affair is like a train headed through a tunnel.

*Helen Gurley Brown*

အချစ်ကိစ္စဟာ တစ်ခါစမိရင် ဥမင်လိုဏ်ခေါင်းထဲဝင်တဲ့ မီးရထားလိုပဲ။

*

Every extra day is one less day when one does not love.

*Marlene Dietrich*

အချစ်ကင်းတဲ့ နေ့တစ်နေ့ဟာ ပျောက်ဆုံးသွားတဲ့ နေ့တစ်နေ့ပါပဲ။

*

Being in love was like running barefoot along a street covered with broken bottles.

*Margaret Atwood*

အချစ်စိတ် ဝင်တယ်ဆိုတာ ပုလင်းကွဲတွေ ခင်းထားတဲ့ လမ်းပေါ် ခြေဗလာ ပြေးနေတာနဲ့ တူတူပဲ။

*

The quickest way to a man's heart is through his chest.

*Roseanne Barr*

ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို အမြန်ဆုံးရယူနည်း ကတော့ သူ့ရင်ခွင်ထဲ ပြေးဝင်ရုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



Love is not merely blind but mentally afflicted.

*Alice Thomas Ellis*

အချစ်ဟာ မျက်စိကန်းရုံတင်မက စိတ်ဝေဒနာလည်း ပါတယ်။

*

In my experience, pride is a word often on women's lips- but they display little sign of it where love affairs are concerned.

*Agatha Christie*

ကျွန်မ အတွေ့အကြုံအရတော့ မိန်းမတွေရဲ့ နှုတ်ခမ်းပြားမှာ သီးနေတဲ့ "မာန" ဆိုတာ အချစ်ကိစ္စနဲ့ ပတ်သက်တော့ သိပ်ရှာမရတော့ဘူး။

*

I'm miserable if I'm not in love and, of course, I'm miserable if I am in love.

*Tallulah Bankhead*

အချစ်ကင်းနေရင် ကျွန်မစိတ်ညစ်တယ်၊ မကင်းရင်လည်း စိတ်ညစ်တယ်။

*

All old maids are perfectionists. That's why they're old maids.

*Edna Feber*

အပျိုကြီးအားလုံးဟာ ဇီဇာကြောင်တယ်။ ဒါကြောင့် မို့လို့ပဲ သူတို့အပျိုကြီးဖြစ်တာ။

*

A loving heart has a catarct and cannot see.

*Louise Colet*

အချစ်စိတ်ဆိုတာ တိမ်ဖုံးတဲ့မျက်စိလို ဘာမှမမြင်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



A man in the house is worth two in the street.

*Mae West*

အိမ်ထဲက ယောက်ျားတစ်ယောက်ဟာ အိမ်ပြင်က
နှစ်ယောက် တန်တယ်။

*

A girl can wait for the right man to come along but in the meantime that still doesn't mean she can't have a wonderful time with all the wrong ones.

*Cher*

မိန်းကလေးတစ်ဦးဟာ သူ့အိမ်ရှေ့မင်းသားလာတဲ့အထိ
စောင့်နိုင်တယ်၊ ဒါပေမဲ့ အဲဒီမတိုင်မီ အခြားမင်းသား
တွေနဲ့ မတွဲရဘူးလို့ မဆိုလိုဘူး။

*

Men, I feel, are like wine--before buying, a real connoisseur takes a small sip and spits them out.

*A fictional character*

ယောက်ျားတွေဟာ ဝိုင်အရက်လိုပဲ၊ နားလည်တဲ့လူဆိုရင်
ဝိုင်မဝယ်ခင် နဲနဲမည်းကြည့်ပြီး ထွေးထုတ်လိုက်ရတယ်။

*

The nice men, being nice, hesitate--and in love, as in war, he who hesitates is lost.

*Erica Jong*

သဘောကောင်းတဲ့ယောက်ျားက သဘောကောင်းတော့
အတင်းအကျပ်မကိုင်ဘူး။ အချစ်ကိစ္စမှာ စစ်ပွဲမှာလိုပဲ
နောက်ဆုတ်တဲ့လူက ရှုံးတာပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



A bachelor is a large body of egotism, completely surrounded by caution and fortified at all points by suspicion.

*Helen Rowland*

လူပျိုကြီးဆိုသည်မှာ ကြီးစွာသော သတိဝိရိယခြံရံလျက်
နေရာတကာ၌ မသင်္ကာစိတ်ဖြင့် ကျားကန်ထားသော
ငါသာပဓာန ဝါဒရှင်ကြီး ဖြစ်ပါသည်။

*

The longest absence is less perilous to love than the terrible trials of incessant proximity.

*Ouida*

နီးတကျက်ကျက်၊ ဝေးတသက်သက်။

*

A woman has got to love a bad man once or twice in her life, to be thankful for a good one.

*Marjorie Kinnan Rawlings*

မိန်းမတစ်ယောက်ရဲ့ တစ်သက်တာမှာ လူယုတ်မာကို
တစ်ခါနှစ်ခါကြိုက်ဖူးမှ လူကောင်းကို ကျေးဇူးတင်မယ်။

*

And what, for instance, would have happened had Romeo and Juliet lived to middle age, their silhouettes broadened by pasta?

*Anita Loos*

ရိုမီယိုနဲ့ ဂျူလိယက်တို့ အသက်ကြီးတဲ့အထိ ပေါင်းသင်း
သွားရပြီး ခေါက်ဆွဲတွေစားလို့ ဝလာကြရင်
ဘာဖြစ်မလဲ မသိဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com



# Sex

## လိင်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



Sex is part of nature. I go along with nature.

*Marilyn Monroe*

လိင်ကိစ္စဟာ သဘာဝရဲ့ တစ်စိတ်တစ်ပိုင်းပဲ။
ကျွန်မတော့ သဘာဝနဲ့ မျှောလိုက်သွားတာပဲ။

*

There is an old saying in my family: push sex out of the front door and it will come back through the plughole. *Lynn Truss*

ကျွန်မတို့မိသားစုမှာ ဆိုရိုးစကား တစ်ခုရှိတယ်။
လိင်ကိစ္စကို အိမ်ရှေ့တံခါးက တွန်းထုတ်လိုက်ရင်
ကြမ်းပြင်ပေါက်က ပြန်ဝင်တတ်တယ်တဲ့။

*

Men want women more than women want men. This is simply a fact. This is why men pay for sex and women don't. *Julie Bunhill*

မိန်းမတွေက ယောက်ျားကို ချင်ခြင်းဖြစ်တာထက်
ယောက်ျားတွေက မိန်းမကို ချင်ခြင်းဖြစ်တာက ပိုတာ
အမှန်ပဲ။ ဒါကြောင့်မို့ လိင်ကိစ္စအတွက် ယောက်ျား
တွေက ပိုက်ဆံပေးတယ်၊ မိန်းမတွေက မပေးဘူး။

*

Sex appeal is 50% what you've got, and 50% what people think you've got.

*Sophia Loren*

လိင်စွဲဆောင်မှုဟာ ၅၀% က ရှင့်မှာရှိတာ၊ ၅၀% က
လူတွေက ရှင့်မှာရှိတယ်ထင်တာ။

*

www.burmeseclassic.com

## Marriage and Divorce

## အိမ်ထောင်ကျ၊ အိမ်ထောင်ကွဲ




www.burmeseclassic.com

www.burmeseclassic.com



Any intelligent woman who reads the marriage contract, and then goes into it, deserves all the consequences.

*Isadora Duncan*

ထိမ်းမြားခြင်းစာချုပ်ကို ဖတ်ပြီး လက်မှတ်ထိုးလက်ထပ်တဲ့ ပညာတတ်မိန်းမဟာ သူ့ထိုက်နဲ့သူ့ကံ ခံပါစေပေါ့။

*

Love-matches are made by people who are content, for a month of honey, to condemn themselves to a life of vinegar.

*Marguerite Blessington*

ကြိုက်လို့ယူတဲ့လူတွေဟာ ပျားရည်ဆန်းတစ်လစံစားပြီး အချဉ်ရေ တစ်သက်ခံစားကြပေါ့။

*

When you see what some girls marry, you realize how they must hate to work for a living.

*Helen Rowland*

မိန်းကလေးတစ်ချို့ ယူတဲ့ယောကျ်ားတွေကိုမြင်ရတော့ သူတို့ဖါသာသူတို့ အသက်မွေးဝမ်းကြောင်းရမှာ ဘယ်လောက်ကြောက်ကြောင်း သိရတယ်။

*

The only really happy people are married women and single men.

*MarleneDietrich*

ဘဝမှာ တကယ်ပျော်တဲ့သူတွေဟာ လင်ရှိမိန်းမတွေနဲ့ လူပျိုကြီးတွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



I never married because I have three pets at home which answer the same purpose as a husband. I have a dog which growls every morning, a parrot which swears all afternoon, and a cat that comes home late at night.

*Marie Corelli*

ကျွန်မအိမ်ထောင်မပြုတဲ့အကြောင်းကတော့ ယောကျ်ား နည်းတူပြုမူမဲ့ တိရစ္ဆာန်သုံးကောင် ကျွန်မအိမ်မှာ မွေးထား လို့ပဲ။ မနက်တိုင်း ဟောင်ဟိန်းတဲ့ ခွေးရယ်၊ တစ်နေ့လယ် လုံးဆဲဆိုတဲ့ ကြက်တူရွေးရယ်၊ ညမိုးချုပ်မှ အိမ်ပြန်လာတဲ့ ကြောင်ရယ်။

*

Aging millionaires who marry twenty-five-year-old part-owners of mobile homes in search of rejuvenation don't get rejuvenated. They get worn out.

*Germaine Greer*

ငယ်မူပြန်ချင်လို့ ဆင်းရဲနွမ်းပါးတဲ့ ၂၅ နှစ်ရွယ်မိန်းကလေး ကို လက်ထပ်တဲ့ သက်ကြီးအိုသူဌေးကြီးဟာ ငယ်သွေး မပြန်ဘဲ ခြေကုန်လက်ပန်းကျသွားတယ်။

*

A man without a wife is as a helpless barge without a towboat. *Helen Rowland*

မိန်းမမရှိတဲ့ ယောကျ်ားဟာ ဆွဲလှေမပါတဲ့ သမ္ဗာန်ကြီးလိုပဲ

*

There is no such thing as a good husband or a sweet onion. *Rumanian proverb*

ချိုသောကြက်သွန် ကောင်းသောလင်ယောကျ်ား ဟူသည် မရှိ။ ရူမေနီယားစကားပုံ

www.burmeseclassic.com

www.burmeseclassic.com



There are two kinds of people you cannot buy presents for. One is men; the other is husbands. If your husband is a man, the situation is utterly impossible. *Alice Kahn*

လက်ဆောင်ဝယ်ပေးရခက်တဲ့ လူနှစ်မျိုးနှစ်စားရှိတယ်၊ တစ်မျိုးက ယောကျ်ားတွေ၊ နောက်တစ်မျိုးက လင်ယောကျ်ားတွေ။ ရှင့်လင်က ယောကျ်ားဆိုရင်တော့ ပြီးပါရော။

*

There are thousands of homes where unhappiness reigns, where joy might have lived, but for the grudging of agreeable words on the part of the husband.

*Elinor Glyn*

စိတ်ညစ်နေကြတဲ့ အိမ်ထောင်ပေါင်းများစွာရှိတယ်။ တကယ်လို့သာ လင်ယောကျ်ားက စကားချိုချိုသာသာ ပြောလိုက်ရင် စိတ်ချမ်းသာသွားကြမယ့် နေရာတွေပဲ။

*

A woman's husband of course must keep her. It's his right. What did he marry for?

*Augusta Johnstone*

ယောကျ်ားက မိန်းမကို လုပ်ကျွေးရမှာပေ့ါ။ သူလက်ထပ်တာ ဒီအခွင့်အရေးအတွက် မဟုတ်ဘူးလား?

*

I have leaned there is little difference in husbands. You might as well keep the first.

*Adela Rogers St.John*

ယောကျ်ားတွေဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်မထူးပါဘူး။ ပထမယောကျ်ားကိုပဲ သိမ်းထားတာ အေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



He believed that all women who want to should free, equal, independent, creative, well-informed, and lead stimulating, interesting lives. Except me.

*Lucille Kallen*

ကျွန်မယောကျ်ားဟာ မိန်းမအားလုံး လွတ်လွတ်လပ်လပ် ညီညီမျှမျှ သီးခြားရပ်တည်နိုင်ပြီး ပညာတတ်မြောက် တီထွင်ကြံဆ လှုံ့ဆော်အားတိုး စိတ်ဝင်စားဖွယ်ဘဝ စံစားသင့်တယ်လို့ ယုံကြည်တယ်၊ ကျွန်မကလွဲရင်ပေါ့။

*

Before marriage, a man will lie awake all night thinking about someting you said; after marriage, he'll fall asleep before you finish saying it.

*Helen Rowland*

လက်မထပ်ခင် ယောကျ်ားတွေဟာ ရှင်တစ်ခုခုပြောတာကို တစ်ညလုံးမအိပ်ဘဲ စဉ်းစားနေလိမ့်မယ်၊ လက်ထပ်ပြီးရင် တော့ ရှင်တစ်ခုခုပြောလို့မပြီးခင် အိပ်ပျော်သွားလိမ့်မယ်၊

*

Love is a farce; marriage is a humbug; husbands are domestic Napoleons, Neroes, Alexanders--sighing for other hearts to conquer, after they are sure of yours.

*Fanny Ferr*

အချစ်ဆိုတာ ဟန်ပြ၊ လက်ထပ်တယ်ဆိုတာလည်း အလကား၊ ယောကျ်ားတွေဟာ အိမ်တွင်းနပိုလီယန်၊ နီးရိုး၊ အလက်ဇန်ဒါတွေပဲ၊ ရှင့်အသည်းကို ပိုင်ပြီးရင် တခြား အသည်းတွေ လိုက်ရှာမှာပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



A good wife is always her husband's "guide, philosopher and friend"; also his guardian, digestion, conscience, time-table and valet.

*Helen Rowland*

ဇနီးကောင်းဟာ လင်ယောကျ်ားရဲ့ လမ်းညွှန်၊ အကြံပေး၊ မိတ်ဆွေအပြင်၊ စောင့်ထိန်းသူ၊ အစာကျေဆေး၊ ဟီရိသြတ္တပ္ပစိတ်၊ အချိန်ဇယား၊ လက်ပါးစေတို့လည်း ဖြစ်တယ်။

*

Though courtship turns frogs into princes, marriage turns them quietly back.

*Marge Piercy*

လူပျိုလှည့်တုံး ဖားကမင်းသားဖြစ်သွားပေမဲ့ လက်ထပ်ပြီးတော့ ဖားပြန်ဖြစ်သွားတယ်။

*

Wonder how many wives have been awakened from love's young dream by a snore.

*Helen Rowland*

အချစ်နုအိပ်မက်ကနေ လင်ယောကျ်ားရဲ့ ဟောက်သံကြောင့် လန့်နိုးတဲ့ ဇနီးပေါင်း ဘယ်လောက်ရှိလေမလဲ?

*

When two people marry they become in the eyes of the law one person, and that one person is the husband.

*Shane Alexander*

ထိမ်းမြားလက်ထပ်တဲ့ နှစ်ယောက်ဟာ ဥပဒေရဲ့အမြင်မှာ တစ်ယောက်တည်းဖြစ်သွားတယ်လို့ ဆိုတယ်။ အဲဒီ တစ်ယောက်ဟာ လင်ယောကျ်ားပဲ ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



The honeymoon is as short-lived as a lucifer-match; after that you may wear your wedding-dress at the wash-tub, and your night-cap to a meeting, and your husband wouldn't know it.

*Fanny Fem*

ပျားရည်ဆန်းကာလဟာ မီးချစ်ဆံမီးလောက်ပဲ တိုတယ်၊ အဲဒီကာလနောက်ပိုင်းမှာ ရှင်က မင်္ဂလာဆောင်တုံးက အဝတ်အစားနဲ့ အဝတ်လျှော်နေနေ၊ ညအိပ်ဦးထုပ်နဲ့ အစည်းအဝေးသွားသွား၊ ရှင့်ယောကျ်ားက သတိပြုမိမှာ မဟုတ်ဘူး။

*

Happiness in marriage is entirely a matter of chance.

*Jane Austen*

အိမ်ထောင်သာယာရေးဟာ ကံအကြောင်းပဲ။

*

An archaelogist is the best husband any woman can have: the older she gets, the more interested he is in her.

*Agatha Christie*

ရှေးဟောင်းသုတေသနပညာရှင်ဟာ လင်ယောကျ်ားထဲမှာ အကောင်းဆုံးပဲ၊ ဇနီးက အသက်ကြီးလေလေ သူက ပိုစိတ်ဝင်စားလေပဲ။

*

Personally I know nothing about sex because I've always been married.

*Zsa Zsa Gabor*

ကျွန်မ အမြဲတမ်း အိမ်ထောင်ကျနေလို့ လိင်ကိစ္စအကြောင်း ဘာမှမသိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



Good marriages are seldom celebrated, while every tiff or spat in a celebrity marriage becomes tabloid fodder,

*Hillary Rodham Clinto*

သာယာတဲ့အိမ်ထောင်တွေဟာ နာမည်ကြီးခဲတယ်၊ ဒါပေမဲ့ နာမည်ကြီးတွေရဲ့ အိမ်ထောင်ရေးမှာ နဲနဲလေး ကတောက်ကဆတ်ဖြစ်တာနဲ့ သတင်းစာကလေးတွေက ပုံကြီးချဲ့ကြတော့တာပဲ။

*

After a few years of marriage a man can look right at a woman without seeing her and a woman can see right through a man without looking at him.

လက်ထပ်ပြီးနှစ်များမကြာခင်၊ ယောကျ်ားက သူ့မိန်းမကို စိုက်သာကြည့်နေတယ် ဘာမှမမြင်ဘူး။ မိန်းမက သူ့ယောကျ်ားကို မကြည့်ဘဲနဲ့ အကုန်မြင်တယ်။

*

I gave up dreaming years ago. All I do now is cook and scrub change my library book.

*Sue Arnold*

အိပ်မက်မက်တဲ့အကျင့်တွေ ကျွန်မ နှစ်ပေါင်းများစွာ ကတည်းက စွန့်ပယ်လိုက်ပြီ။ အခုတော့ ကျွန်မ ထမင်း ချက်တယ်၊ ကြမ်းတိုက်တယ်၊ စာကြည့်တိုက်က စာအုပ် ငှါးဖတ်တယ်။

*

Home is the girl's prison and the woman's workplace.

*FlorenceFarr*

အိမ်ဟာ မိန်းကလေးငယ်ရဲ့ အကျဉ်းထောင်၊ မိန်းမလတ်ရဲ့ အလုပ်ရုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



Now my acquaintance is divided fairly between those who are desperate to get married and those who are equally desperate to get divorced.

*Alice Thomas Ellis*

ကျွန်မသူငယ်ချင်းတွေအနက် ထက်ဝက်က အရမ်းလင်လို ချင်နေတယ်၊ နောက်ထက်ဝက်က အရမ်းလင်ကွာချင် နေတယ်။

*

I'd marry again if I found a man who had $15 million and would sign over half of it to me before the marriage, and guarantee he'd be dead within a year.

*Bette Davis*

ဒေါ်လာ ၁၅ သန်းရှိတဲ့အနက် လက်မထပ်ခင် ကျွန်မကို ထက်ဝက်ပေးထားပြီး တစ်နှစ်အတွင်း သူသေပါ့မယ်လို့ ကတိပေးတဲ့ယောကျ်ားတွေ့ရင် ကျွန်မနောက်အိမ်ထောင် ပြုမယ်။

*

I only knew one thing for sure. Marriage was definitely the chief cause of divorce.

*Kathy Lette*

ကျွန်မသေသေချာချာသိတာကတော့ အိမ်ထောင်ကွဲခြင်း ရဲ့ အဓိကအကြောင်းရင်းဟာ အိမ်ထောင်ကျခြင်းပဲ။

*

Never give back the ring. Never. Swallow it first.

*Joan Rivers*

လက်စွပ်ကို ဘယ်တော့မှပြန်မပေးနဲ့၊ အရင်မျိုချလိုက်။

www.burmeseclassic.com

www.burmeseclassic.com



Changing husbands is about as satisfactory as changing a bundle from one hand to the other; it gives you only temporary relief.

*Helen Rowland*

ယောကျ်ားပြောင်းယူတာ ဝန်ထုပ်ကို လက်တစ်ဖက်က နောက်တစ်ဖက်ကို ပြောင်းတာနဲ့တူတူပဲ၊ ခဏပဲ သက်သာတယ်။

*

The wages of sin is alimony.

*Carolyn Wells*

သားမယားစရိတ် ထောက်ရတာ မကောင်းမှုဒဏ်ပဲ။

*

Husbands are like fires. They go out when unattended.

*Zsa Zsa Gabor*

ယောကျ်ားတွေဟာ မီးလိုပဲ၊ စောင့်ကြည့်မနေရင် ငြိမ်းသွား (ထွက်သွား) တတ်တယ်။

*

I defy you to put any blissfully happy married couple under a blanket with a single control and have them speaking to one another in the cold light of morning.

*Erma Bombeck*

ဘယ်လောက်ချစ်တဲ့လင်မယားဖြစ်ဖြစ် စောင်တစ်ခု တည်းအောက် အိပ်ခိုင်းလိုက်ရင် နောက်တစ်နေ့မနက် စကားပြောတော့မှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



# Happy Families

## အိမ်သာယာ



www.burmeseclassic.com

www.burmeseclassic.com



The way to cure homesickness is to go home.

*Edna Ferber*

အိမ်လွမ်းတဲ့ရောဂါပျောက်တဲ့နည်းကတော့ အိမ်ပြန်ဖို့ပဲ။

*

Often the reason we cannot get along with our own families is because they are lke a mirror in whichwe see our own faults in all their hideousness.

*Dorothy Dix*

ကျွန်မတို့ အိမ်သားအချင်းချင်းမတည့်တဲ့ အကြောင်းရင်းကတော့ သူတို့ဟာ ကျွန်မတို့အပြစ်အနာအဆာတွေအားလုံး ဘွင်းဘွင်းကြီးပေါ်တဲ့ မှန်လို ဖြစ်နေလို့ပဲ။

*

All I heard when I was growing up was "Why can't you be more like your cousin Sheila? Why can't you be more like your cousin Sheila?
Sheila died at birth.

*Joan Rivers*

ကျွန်မငယ်ငယ်တုံးက လူကြီးတွေက ကျွန်မကို "နင်ဘာကြောင့် နှမဝမ်းကွဲ ရှီလာနဲ့ မတူတာလဲ? နင်ဘာကြောင့် နှမဝမ်းကွဲ ရှီလာနဲ့ မတူတာလဲ? လို့ တဖွဖွပြောတယ်။ ရှီလာဟာ မွေးမွေးချင်း သေသွားတယ်။

*

Brothers and sisters are put on this earth to be teased and made to cry.

*Jenny Eclaire*

ညီအစ်ကိုမောင်နှမဆိုတာ ငိုတဲ့အထိ ကျီစားဖို့ မွေးလာတာ

www.burmeseclassic.com

www.burmeseclassic.com



I've always blamed my shotcomings as a mother on the fact that I studied Child Psychology and Discipline under an unmarried professor whose only experience was in raising a dog.

*Erma Bombeck*

မိခင်တစ်ယောက်အနေနဲ့ ကျွန်မချို့ယွင်းခဲ့တဲ့အကြောင်း ရင်းကတော့ ကလေးစိတ်ပညာနှင့် စည်းကမ်းဘာသာရပ်ကို ခွေးတစ်ကောင်သာ မွေးဖူးတဲ့ လူပျိုကြီးပါမောက္ခဆီက ဆည်းပူးမိလို့ပဲ။

*

It takes a woman twenty years to make a man of her son, and another woman twenty minutes to make a fool of him. *Helen Rowland*

သားကို အရွယ်ရောက်အောင် မိခင်က အနှစ်နှစ်ဆယ် ကြိုးပမ်းခဲ့ရတယ်။ နောက်မိန်းမတစ်ယောက်က မိနစ်နှစ်ဆယ်အတွင်း ဖျက်ဆီးပစ်လိုက်တယ်။

*

The great thing is not to expect too much from children. You know the quotation, "Blessed is he who expecteth nothing" *Diana Woods*

ကလေးတွေဆီက သိပ်မမျှော်လင့်တာကောင်းတယ်၊ စကားပုံရှိတယ်မဟုတ်လား? "ဘာမှမမျှော်လင့်တဲ့သူဟာ စိတ်အချမ်းသာဆုံးပဲ" ဆိုတာ။

*

I hated rows unless I made them myself.

*Gertrude Atherton*

ကျွန်မကိုယ်တိုင် မပါတဲ့ ရန်ပွဲအားလုံး မုန်းတယ်။

www.burmeseclassic.com

**Who Needs Enemies?**

ရန်သူမလို



www.burmeseclassic.com

www.burmeseclassic.com



One seeks new friends only when too well known by old ones.

*Madame de Puisieux*

မိတ်ဟောင်းတွေက ကိုယ့်ကို သိပ်သိလွန်းလာတော့မှ မိတ်သစ်ကိုရှာတယ်။

*

To keep all your old friends is like keeping all your old clothes.

*Helen Gurley Brown*

မိတ်ဟောင်းအားလုံး မိတ်မပျက်အောင် လုပ်ရတာဟာ အဝတ်ဟောင်းအားလုံး သိမ်းထားရတာနဲ့ ခပ်ဆင်ဆင်ပဲ။

*

Sometimes you have a friend and you think they are made of rock, and suddenly you realize they're only made of sand. *Maria Callas*

ကျောက်နဲ့ ထုထားတဲ့ မိတ်ဆွေလို့ ထင်ခဲ့တဲ့သူဟာ တစ်ခါတလေ သဲနဲ့ပြီးနေတာ တွေ့ရတယ်။

BURMESE CLASSIC .com

*

Neighbours. I'd rather have thrush.

*Pamela Stephenson*

အိမ်နီးနားချင်းအဖြစ် မြေလူးငှက်ပဲ လိုချင်တယ်။

*

Come to me in your joys, my dear, and come to me in your sorrows, but not in between whiles. I've no time for chit-chat.

*Lilian Baylis*

ဝမ်းနည်းဝမ်းသာဖြစ်နေရင်လာ၊ အတင်းအဖျင်းတော့ လာမပြောနဲ့။

www.burmeseclassic.com

# Bimbos & Bluestockings

## အောက်တန်းစားနှင့်အထက်တန်းစား



www.burmeseclassic.com

www.burmeseclassic.com



In general, and almost universally, the feminine
intellect has less strength but more acuteness.

*Laetitia Matilda Hawkins*

ဘယ်နေရာမှာမဆို မိန်းမတွေရဲ့ ဉာဏ်ပညာဟာ
မကြီးမားလှသော်လည်း ပိုစူးရှတယ်။

*

There is nothing wrong with her that a vasectomy
of the vocal chords wouldn't fix.

*Lisa Alther*

အသံထွက်အကြောတွေသာ ဖြတ်လိုက်ရင်
သူ့မှာတခြား ဘာရောဂါမှ မရှိပါဘူး။

*

She'd never make the same mitake again.
She always made a new mistake instead.

*Wendy Cope*

သူဘယ်တော့မှ အရင်အမှားကို မလုပ်ဘူး။
နောက်အမှားသစ်တစ်ခုကိုပဲ လုပ်တယ်။

*

The great and almost only comfort about being a a
woman is that one canalways pretend to be more
stupid than one is, and no one is surprised.

*Frya Stark*

မိန်းမဖြစ်ရတဲ့ အကျိုးတစ်ခုကတော့ အ ချင်ယောင်
ဆောင်နိုင်တာပဲ၊ ဘယ်သူကမှလည်း မအံ့သြဘူး။

*

www.burmeseclassic.com

www.burmeseclassic.com



A face unclouded by thought

*Lillian Hellman on Norma Shearer*

အတွေးမလွှမ်းသောမျက်နှာ။

*

Brains are a handicap for a blonde.

*Paula Yates*

မိန်းမလှအတွက် ဦးနှောက်ဟာ အဟန့်အတားပဲ။

*

All the brains the bluestockings will ever pile up will not be worth one complexion.

*Gertrude Atheton*

အထက်တန်းစားအမျိုးသမီးတွေရဲ့ ဦးနှောက်တွေ ပုံလိုက်တောင်မှ တကယ်လှတဲ့ တစ်မျက်နှာကို မမှီဘူး

*

You see these gray hairs? Well, making whoopee with the intelligentia was the way I earned them.

*Dorothy Parker*

ဒီဆံပင်ဖြူတွေတွေ့လား? အဲဒါတွေဟာ ပညာရှိတွေနဲ့ သွားဆွေးနွေးလိုက်လို့ ရလာတာတွေ့ပေါ့။

*

I've been called many things but never an intellectual.

*Tallulah Bankhead*

ကျွန်မကို အမျိုးမျိုးသမုတ်ကြတယ်၊ ဒါပေမဲ့ ပညာတတ် ရယ်လို့တော့ တစ်ခါမှ မခေါ်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



## Brief Encounters

## ဘဝတစ်ကွေ့ တွေ့ကြရာဝယ်



www.burmeseclassic.com

www.burmeseclassic.com



Perhaps the Majors and Blairs and all the power-dressers of Britain should take the advice of Wallis Simpson to the Queen Mother who, when asked how she could best promote British fashion abroad, replied crisply: "Stay at home".

*From the Wit and Wisdom of the Royal Family*

ဝေါလစ်-ဆင်မဆင်က ယောက္ခမမိဖုရားကြီးအား နိုင်ငံခြား၌ ဗြိတိသျှဝတ်စားဆင်ယင်မှုကို မည်ကဲ့သို့ ကြော်ငြာပေးရမည်နည်းဟုမေးမြန်းရာ အဖြေတိုတိုမှာ "အိမ်မှာပဲနေ" ဟူသတည်း။ ဗြိတိသျှခေါင်းဆောင် မေဂျာတို့၊ ဘလဲယားတို့ မှတ်သားဘွယ်။

*

Oh dear me--it's too late to do anything but accept you and love you--but when you were quite a little boy somebody ought to have said "hush" just once!

*Mrs. Patrick Campbell to George Bernard Shaw*

အင်း-အခုတော့ တစ်ခုခုလုပ်ဖို့ သိပ်နောက်ကျသွားပြီ၊ ရှင့်ကိုအခုအတိုင်းပဲ လက်ခံခင်မင်ရတော့မှာပဲ။ ရှင်ငယ့် ငယ်တုံးက တစ်ယောက်ယောက်က "တိတ်" လို့ ပြောခဲ့ ဖို့ကောင်းတယ်။

*

